# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

**အမှတ် ၃၄]** ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
( ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် ) } **သောကြာနေ့ [အတွဲ ၆၁**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**တရားရုံးချုပ်**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၁၄ ရက် )

အမှတ် ၂၄၉ ။ ။ အောက်ဖော်ပြပါ ဒုတိယခရိုင်တရားသူကြီး ၂ ဦး အား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် တာဝန်များကို ထမ်းဆောင်ရန် သက်ဆိုင်ရာဒေသအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည် -

| စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | လက်ရှိထမ်းဆောင်နေသည့်တာဝန်နှင့်ဒေသ | ပြောင်းရွှေ့ထမ်းဆောင်ရမည့်တာဝန်နှင့်ဒေသ |
|---|---|---|---|
| ၁။ | ဒေါ်ကြူကြူ<br>တ/၁၆၁၇ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>တောင်ကြီးခရိုင် | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ပုသိမ်ခရိုင် |
| ၂။ | ဒေါ်နွယ်နွယ်ခိုင်<br>တ/၁၈၈၁ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ပုသိမ်ခရိုင် | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ရွှေဘိုခရိုင် |

အောင်တိုး
တရားသူကြီးချုပ်
တရားရုံးချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**တရားရုံးချုပ်**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၁၅ ရက် )

အမှတ် ၂၅၃ ။ ။ ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးခင်ထွန်း (တ/၁၆၈၀) အား မိမိ၏အလုပ်တာဝန်ဝတ္တရားများအပြင် ခရိုင်တရားသူကြီးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အောင်တိုး
တရားသူကြီးချုပ်
တရားရုံးချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

အမှတ် ၇၆ ။ ။ အောက်ဖော်ပြပါ ဒုတိယခရိုင်ဥပဒေအရာရှိ (၂) ဦးတို့အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသောနေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည်နှင့်အမှတ် | လက်ရှိရာထူး/ရုံး | အတည်ပြုခန့်ထားသည့်နေ့ |
|---|---|---|---|
| ၁။ | ဒေါ်ကေသီနိုင်<br>ဥ/၁၅၈၄ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>မုံရွာခရိုင်ဥပဒေရုံး | ၂၆-၁၂-၀၆ |
| ၂။ | ဦးတင်မြင့်<br>ဥ/၁၆၇၄ | ဒုတိယခရိုင်ဥပဒေအရာရှိ<br>ကသာခရိုင်ဥပဒေရုံး | ၂၆-၁၂-၀၆ |

အမှတ် ၇၇ ။ ။ အောက်ဖော်ပြပါအစမ်းခန့် ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ဥပဒေအရာရှိ (တာဝန်)၊ ဒုတိယတိုင်းဥပဒေအရာရှိနှင့် ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) (၁၀) ဦးအား ယင်းတို့နှင့်အတူ ယှဉ်တွဲဖော်ပြပါနေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည်နှင့်အမှတ် | လက်ရှိရာထူး/ရုံး | အတည်ပြုခန့်သည့်နေ့ |
|---|---|---|---|
| ၁။ | ဦးမော်ထွန်း<br>ဥ/၁၂၄၆ | ဒုတိယတိုင်းဥပဒေအရာရှိ<br>မန္တလေးတိုင်းဥပဒေရုံး | ၃၀-၃-၂၀၀၈ |
| ၂။ | ဦးတင်စိုး<br>ဥ/၁၂၉၂ | ဒုတိယညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) | ၂၂-၃-၂၀၀၈ |
| ၃။ | ဒေါ်ရင်ရင်သန်း<br>ဥ/၁၄၈၂ | ဒုတိယညွှန်ကြားရေးမှူး<br>ဌာန-၃၊ ရှေ့နေချုပ်ရုံး | ၂-၄-၂၀၀၈ |
| ၄။ | ဦးဒီဆင်ရမ်<br>ဥ/၁၂၃၂ | ခရိုင်ဥပဒေအရာရှိ<br>မိုးညှင်းခရိုင်ဥပဒေရုံး | ၂၆-၃-၂၀၀၈ |
| ၅။ | ဦးအောင်ခိုင်<br>ဥ/၁၅၆၂ | ဒုတိယညွှန်ကြားရေးမှူး<br>ဌာန-၁၊ ရှေ့နေချုပ်ရုံး | ၂၂-၃-၂၀၀၈ |
| ၆။ | ဒေါ်လှလှလွင်<br>ဥ/၁၄၁၁ | ဒုတိယညွှန်ကြားရေးမှူး<br>ဌာန-၃၊ ရှေ့နေချုပ်ရုံး | ၉-၄-၂၀၀၈ |
| ၇။ | ဦးဇော်လင်းမောင်<br>ဥ/၁၆၄၁ | ဒုတိယညွှန်ကြားရေးမှူး<br>ဌာန-၄၊ ရှေ့နေချုပ်ရုံးခွဲ<br>(ရန်ကုန်) | ၂၂-၃-၂၀၀၈ |
| ၈။ | ဦးအုန်း<br>ဥ/၁၂၈၈ | ပြည်နယ်ဥပဒေအရာရှိ<br>(တာဝန်)<br>ကယားပြည်နယ်ဥပဒေရုံး | ၂၂-၃-၂၀၀၈ |
| ၉။ | ဦးမောင်မောင်စိုး<br>ဥ/၁၄၄၅ | ဒုတိယတိုင်းဥပဒေအရာရှိ<br>ရန်ကုန်တိုင်းဥပဒေရုံး | ၂၃-၃-၂၀၀၈ |
| ၁၀။ | ဦးမြင့်လွင်<br>ဥ/၁၃၀၂ | ခရိုင်ဥပဒေအရာရှိ<br>ဘားအံဥပဒေရုံး | ၆-၄-၂၀၀၈ |

အေးမောင်၊
ရှေ့နေချုပ်၊
ရှေ့နေချုပ်ရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၀၈ ခုနှစ်၊ မတ်လ ၁၀ ရက် )

အမှတ် ၃၂။ ။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၀၈) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ကြံသီးနှံလုပ်ငန်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (အငြိမ်းစား) ဦးမြသောင်းအား ကျွမ်းကျင်သူအဖြစ် လစဉ်ချီးမြှင့်ငွေ ၂၀,၀၀၀/- နှုန်းဖြင့် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ ဒုတိယအကြိမ် တစ်နှစ် ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
( ၂၀၀၈ ခုနှစ်၊ မတ်လ ၂၀ ရက် )

အမှတ် ၃၃။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အောက်ဖော်ပြပါ မန်နေဂျာ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) (၂) ဦးအား ဒုတိယအထွေထွေမန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၀၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) မန်နေဂျာ ဦးဝင်းမောင်
(၂) မန်နေဂျာ ဦးဝင်းမြင့်

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

အမှတ် ၃၄။ ။ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၀၈) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးကြင်သိမ်းအား အကြံပေးအရာရှိအဖြစ် လစဉ်ချီးမြှင့်ငွေ ၇၁၀၀၀/- နှုန်းဖြင့် ၂၀၀၈ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ ဒုတိယအကြိမ် တစ်နှစ် ခန့်ထားလိုက်သည်။

အမှတ် ၃၅။ ။ အကြံပေးအရာရှိအဖြစ် ခန့်အပ်ထားသော ဦးကြင်သိမ်းအား ညွှန်ကြားရေးမှူးအဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

ဗိုလ်ချုပ်ဌေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမှတ် (၁) စက်မှုဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

အမှတ် ၁၂ ။ ။ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း ဝန်ထမ်း (၂) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာအသီးသီးသို့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ လုပ်ငန်းလိုအပ်ချက်အရ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူးနှင့်ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူးနှင့်ဌာန** |
|---|---|---|---|
| (က) | ဒေါ်သူသူထွန်း | ဌာနခွဲမှူး<br>စီမံကိန်းဌာန | ဒုတိယလက်ထောက်<br>ညွှန်ကြားရေးမှူး<br>စီမံကိန်းဌာန |
| ( ခ ) | ဒေါ်သန်းသန်းဌေး | ဌာနခွဲမှူး<br>စီမံခန့်ခွဲရေးဌာန | ဒုတိယလက်ထောက်<br>ညွှန်ကြားရေးမှူး<br>စက်မှုကုန်ကြမ်းစီမံရေးဌာန<br>[စီမံခန့်ခွဲရေးဌာနတွဲဖက်] |

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

အမှတ် ၁၃ ။ ။ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း (ရုံးချုပ်) မှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်အထွေထွေမန်နေဂျာ (စက်မှုကုန်ကြမ်း) ဦးစိုးညွှန့်အား ယင်းလုပ်ငန်း (ရုံးချုပ်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း ဒုတိယအထွေထွေမန်နေဂျာ (စက်မှုကုန်ကြမ်း) ရာထူးသို့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ အထူးကိစ္စတစ်ရပ်အဖြစ် (၁) နှစ် စမ်းသပ်တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၃ ရက်

( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

အမှတ် ၂၄၈/၂၀၀၈ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနတွင် အကြံပေးအရာရှိအဖြစ် ခန့်ထားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးခင်မောင်ဦးအား တာဝန်ထမ်းဆောင်

သည့် တစ်နှစ်တာကာလ ပြည့်မြောက်ပြီးဖြစ်သော ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အနားယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

အမှတ် ၂၅၆/၂၀၀၈ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အောက်ဖော်ပြပါ ရုံးအုပ် (၂) ဦးအား ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဌာနစုမှူး(၂)/ တတိယအတွင်းဝန် လစာနှုန်းထား (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| (၁) | ဦးခင်မောင်ဦး | လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန |
| (၂) | ဒေါ်မြင့်မြင့်စိန် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

အမှတ် ၂၆၃/၂၀၀၈ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေအား ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးတစ်နေရာတွင် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေအား နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် တွဲဖက်ထားလိုက်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၀၆) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အတွက် လစာနှုန်းထား (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အတိုင်း ခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁ ရက်
( ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

အမှတ် ၂၇၁/၂၀၀၈ ။ ။ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၀၈) ၏ သဘောတူခွင့်ပြုချက်အရ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့တွင် ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှစ၍ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် ဥရောပနိုင်ငံများအဖွဲ့ (အီးယူ) ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့ရုံးတို့ကို အရာထမ်းရာထူး (၅) နေရာ၊ အမှုထမ်းရာထူး (၅) နေရာ၊ ဒေသခန့် ရာထူး (၈) နေရာ၊ စုစုပေါင်းရာထူး (၁၈) နေရာဖြင့် တစ်ပေါင်းတည်း တည်ထောင်ဖွဲ့စည်းလိုက်သည်။

ဉာဏ်ဝင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၀၈)**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၂၁ ရက် )

အကြောင်းအရာ။ ။ **ကျောက်စိမ်း၊ ကျောက်မျက်ပုလဲ အထူးရောင်းချပွဲတွင် ဝယ်ယူခဲ့သော ကျောက်စိမ်းတွဲအတွက် ငွေပေးချေရန် ပျက်ကွက်သည့် ပြည်တွင်းရတနာကုန်သည်အား အမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်း။**

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်ပုလဲ အထူးရောင်းချပွဲတွင် ပြည်တွင်းရတနာကုန်သည် ဦးထွန်းနေဦး (မြရွှေစင်ရတနာ) ဆိုင်သည် ကျောက်စိမ်းအတွဲ (၈) တွဲကို ဝယ်ယူခဲ့ပြီး (၇) တွဲ တန်ဖိုးအကျေပေးချေကာ ကျန်ကျောက်စိမ်း (၁) တွဲ တန်ဖိုး၏ တန်ဖိုးငွေ ၁၀% အား ပေးချေခဲ့သော်လည်း ကျန် ၉၀% ဖြစ်သည့် ယူရို (၁၇၀၀၀) ပေးချေရန် ပျက်ကွက်ခဲ့ကြောင်း သတ္တုတွင်းဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ အောက်ဖော်ပြပါလူပုဂ္ဂိုလ်အား အမည်ပျက်စာရင်း (Black List) ထည့်သွင်းသတ်မှတ်လိုက်သည်။

**အမည်ပျက်စာရင်း (Black List) ထည့်သွင်းသည့်**

**ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ**

| **အမည်/မှတ်ပုံတင်အမှတ်** | **လိပ်စာ** |
|---|---|
| ဦးထွန်းနေဦး<br>၉/မနတ(နိုင်)၀၆၈၇၈၁ | အဆောင် - ၃၆၊ အခန်း - ၁၅၊ ၃၉ နှင့် ၄၀ လမ်းကြား၊ ၈၆ နှင့် ၈၇ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |

ဝန်ကြီး (ကိုယ်စား)၊

(ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဒုတိယဝန်ကြီး)၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်အမှတ် (၈၀/၂၀၀၈)**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၀၈) ၏ သဘောတူခွင့်ပြုချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (အငြိမ်းစား) ဦးတင်ဝင်းအား ၂၀၀၈ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းမှ

စ၍ လစဉ်ချီးမြှင့်ငွေ ၇၅၀၀၀ိ/- (ကျပ်ခုနစ်သောင်းငါးထောင်တိတိ) ဖြင့် အကြံပေးအရာရှိအဖြစ် ဒုတိယအကြိမ် (၁) နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

ဦးတင်ဝင်းအား အကြံပေးအရာရှိတာဝန်များအပြင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာန၊ ဒုတိယအထွေထွေမန်နေဂျာတာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

ဗိုလ်ချုပ်သိန်းဆွေ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# အလုပ်သမားဝန်ကြီးဌာန
# (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၀၇)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အလုပ်သမားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂၉/၂၀၀၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံးမှ လွှဲပြောင်းပေးသည့် အောက်ဖော်ပြပါ တပ်မတော်အရာရှိများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ (စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်-၂) လစာနှုန်း (၈၀,၀၀၀ိ-၂,၀၀၀ိ-၉၀,၀၀၀ိ) ရာထူးနေရာများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည်/<br>ပြန်တမ်းဝင်အမှတ်/တပ် | ခန့်အပ်နေရာချထားသည့်<br>ရာထူး/ဌာန/ရုံး |
|---|---|---|
| ၁။ | ဗိုလ်ကြီးအောင်ဆန်းမြင့်<br>ကြည်း-၂၅၆၀၅<br>အမှတ် (၉) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွဲဖက်<br>အရန်အင်အား | ဦးစီးအရာရှိ (စီမံ-၂)<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၂။ | ဗိုလ်ဖြိုးဝေသိန်း<br>ကြည်း-၄၄၁၅၆<br>အမှတ် (၇၀၈) ခြေမြန်တပ်ရင်း | ဦးစီးအရာရှိ (စီမံ-၂)<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၃။ | ဗိုလ်အောင်ကိုဇော်<br>ကြည်း-၄၅၀၅၂<br>မန္တလေးပင်မစစ်လက်နက်ပစ္စည်းတပ် | ဦးစီးအရာရှိ (စီမံ-၂)<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၀၇)

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အလုပ်သမားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂၉/၂၀၀၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟင်္သာတမြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးမှ ဦးစီးအရာရှိ (စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်-၂) လစာနှုန်း (၈၀,၀၀၀ိ-၂,၀၀၀ိ-၉၀,၀၀၀ိ) ဦးမောင်မောင်သည် ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် အသက် (၆၀) ပြည့်မည်ဖြစ်သဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၂၀၀၈ ခုနှစ်၊

ဧပြီလ ၂၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်စေ့ရောက်သည့်နောက်တစ်နေ့ ဖြစ်သော ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမားဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## သမဝါယမဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၈)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဦးမျိုးအောင် ဌာနစုမှူး (ဦးစီးအရာရှိ) လစာနှုန်း (၈၀,၀၀ဝ-၂,၀၀ဝ-၉၀,၀၀ဝ) အား လစ်လပ်လျက်ရှိသော ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) လစာနှုန်း (၁၀၀,၀၀ဝ-၂,၀၀ဝ-၁၁၀,၀၀ဝ) ရာထူးနေရာသို့ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဦးသန့်ဇင်ဦး ဌာနစုမှူး (ဦးစီးအရာရှိ) လစာနှုန်း (၈၀,၀၀ဝ-၂,၀၀ဝ-၉၀,၀၀ဝ) အား ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လစ်လပ်မည့် ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) လစာနှုန်း (၁၀၀,၀၀ဝ-၂,၀၀ဝ-၁၁၀,၀၀ဝ) ရာထူးနေရာသို့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၀၈)

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သမဝါယမဝန်ကြီးဌာန၊ အိမ်တွင်း စက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ လစာနှုန်း (၈၀,၀၀ဝ-၂,၀၀ဝ-၉၀,၀၀ဝ) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော လက်ထောက် ညွှန်ကြားရေးမှူး လစာနှုန်း (၁၀၀,၀၀ဝ-၂,၀၀ဝ-၁၁၀,၀၀ဝ) ရာထူးနေရာသို့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၁။ ဒေါ်ခင်မော်လှ

၂။ ဒေါ်သန်းသန်းအေး

ဗိုလ်ချုပ်တင်ထွတ်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
သမဝါယမဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ရထားပို့ဆောင်ရေးဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၈) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အောက်ဖော်ပြပါ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) (၃) ဦးတို့အား အင်ဂျင်နီယာမှူး (မြို့ပြ) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ရာထူး |
|---|---|---|---|
| (က) | ဦးစိုးမင်းသန့် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | အင်ဂျင်နီယာမှူး (မြို့ပြ) |
| (ခ) | ဦးခင်မောင်သိန်း | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | အင်ဂျင်နီယာမှူး (မြို့ပြ) |
| (ဂ) | ဦးဝင်းဗိုလ် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | အင်ဂျင်နီယာမှူး (မြို့ပြ) |

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၀၈)

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၈) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) (၃) ဦးအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိနေရာ | ပြောင်းရွှေ့နေရာ |
|---|---|---|---|
| (က) | ဦးမောင်မောင်သွင် | ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း | ရုံးချုပ်၊ နေပြည်တော် |
| (ခ) | ဦးငွေအောင် | တိုင်းအမှတ် (၇)၊ ရန်ကုန် | ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း |
| (ဂ) | ဦးတင်ဝင်း | တိုင်းအမှတ် (၃)၊ မန္တလေး | တိုင်းအမှတ် (၇)၊ ရန်ကုန် |

ဗိုလ်ချုပ်အောင်မင်း၊

ဝန်ကြီး၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**စွမ်းအင်ဝန်ကြီးဌာန**

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၈ ရက် )

အမှတ် ၅၃ ။ ။ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါ်သန်းညွန့်အား မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅၄ ။ ဒေါ်သန်းညွန့်အား အဆိုပါခွင့်များခံစားပြီးနောက် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

အမှတ် ၅၇ ။ ။ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၀၈) မှ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်းဌာန၊ စက်မှုအင်ဂျင်နီယာဌာနခွဲမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း၊ ဒု-အင်ဂျင်နီယာချုပ် (စက်မှု) ဦးခင်မောင်ဦးအား စက်မှုအင်ဂျင်နီယာဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း၊ အင်ဂျင်နီယာချုပ် (စက်မှု) ရာထူးသို့ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်အပ်လိုက်သည်။

အမှတ် ၅၈ ။ ။ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၀၈) မှ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဘူမိရူပဗေဒဌာနမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း၊ အဖွဲ့ဦးစီး (ဆိုက်စမစ်) ဦးမောင်မောင်ကျော်အား ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဘူမိရူပဗေဒဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း၊ ဘူမိရူပဗေဒအရာရှိချုပ် ရာထူးသို့ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်အပ်လိုက်သည်။

ဗိုလ်မှူးချုပ်လွန်းသီ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

အမှတ် ၂၃။ ။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးသည့် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၈) ၌ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာမြဦးအား အကြံပေးအရာရှိအဖြစ် (၁) လလျှင် ချီးမြှင့်ငွေ ၁၅၀၀၀ိ/- ဖြင့် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ ခန့်ထားပြီး အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၄။ ။ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးမဲအောင်အား ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လေ့ကျင့်ရေး) လစာနှုန်း (၁၆၀,၀၀ဝိ-၂,၀၀ဝိ-၁၇၀,၀၀ဝိ) အဖြစ် အစမ်း (၆) လ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာချမ်းငြိမ်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

အမှတ် ၇ ။ ။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနသို့ ရွေးချယ်ပေးပို့သော ဆရာဝန်သစ်လွင်များအနက် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုလျှောက်ထားသော အောက်ဖော်ပြပါ ဆရာဝန်သစ်လွင် (၁၄) ဦးတို့အား ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဌာန/တက္ကသိုလ်တွင် (လက်ထောက်ကထိကရာထူးကို ကျောထောက်နောက်ခံပြု၍) သရုပ်ပြ လစာနှုန်း (၈၀,၀၀ဝိ-၂,၀၀ဝိ-၉၀,၀၀ဝိ) အဖြစ် ခန့်ထားလိုက်သည်။

| စဉ် | အမည်၊ မှတ်ပုံတင်အမှတ်၊ အဘအမည် | ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါက်တာဇေယျာမင်း<br>၁၃/တကန(နိုင်)၁၃၅၅၅၁<br>(အဘ-ဦးဝင်းအောင်) | သရုပ်ပြ<br>ခန္ဓာဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |

| စဉ် | အမည်၊ မှတ်ပုံတင်အမှတ်၊ အဘအမည် | ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၂။ | ဒေါက်တာအောင်ဇော်ထွန်း<br>၁၄/မမန(နိုင်)၁၅၁၈၆၀<br>(အဘ-ဦးရဲထွန်း) | သရုပ်ပြ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၃။ | ဒေါက်တာရဲဝင်း<br>၁၂/လမန(နိုင်)၁၂၅၅၄၇<br>(အဘ-ဦးဝင်းချစ်) | သရုပ်ပြ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၄။ | ဒေါက်တာနှင်းအိဝေ<br>၁၄/ပသန(နိုင်)၁၆၀၉၈၇<br>(အဘ-ဦးနေလင်း) | သရုပ်ပြ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၅။ | ဒေါက်တာနီနီလင်း<br>၁၄/ဝခမ(နိုင်)၁၃၅၁၅၆<br>(အဘ-ဦးလှသန်း) | သရုပ်ပြ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၆။ | ဒေါက်တာမေသုမွန်<br>၁၂/မရက(နိုင်)၁၃၅၅၇၂<br>(အဘ-ဦးအောင်တင်စိုး) | သရုပ်ပြ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၇။ | ဒေါက်တာမီချိုဝင်း<br>၁၄/ပသန(နိုင်)၁၉၃၇၁၄<br>(အဘ-ဦးချိုဝင်း) | သရုပ်ပြ<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၈။ | ဒေါက်တာငြိမ်းချမ်းဝင်း<br>၁၂/မရက(နိုင်)၁၁၀၉၉၂<br>(အဘ-ဦးသန်းဝင်း) | သရုပ်ပြ<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၉။ | ဒေါက်တာစည်သူသိန်း<br>၇/တငန(နိုင်)၁၁၂၉၃၄<br>(အဘ-ဦးတင်သိန်း) | သရုပ်ပြ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၁၀။ | ဒေါက်တာခင်စန္ဒီကျော်<br>၁၂/အစန(နိုင်)၁၆၉၂၀၆<br>(အဘ-ဒေါက်တာ ဦးမောင်မောင်ကျော်) | သရုပ်ပြ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၁၁။ | ဒေါက်တာနေလင်းထွန်း<br>၁၂/လမန(ဧည့်)၀၀၀၅၆၈<br>(အဘ-ဦးချိန်ကောင်း) | သရုပ်ပြ<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၁၂။ | ဒေါက်တာခိုင်လင်း<br>၁၂/မရက(နိုင်)၀၀၀၆၇၀<br>(အဘ-ဦးအိုက်လှ) | သရုပ်ပြ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၁၃။ | ဒေါက်တာသန့်ဇင်<br>၇/ဝခန(နိုင်)၂၅၉၇၇၅<br>(အဘ-ဦးသန်းငွေ) | သရုပ်ပြ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |
| ၁၄။ | ဒေါက်တာအောင်သူရ<br>၁၂/သဃက(နိုင်)၁၄၂၄၁၆<br>(အဘ-ဦးဖွဲ့အောင်) | သရုပ်ပြ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန် |

ဤသို့ အစမ်းခန့်ထားခြင်းသည် အသက်နှင့် ကျန်းမာကြောင်း ဆေးလက်မှတ် တင်ပြနိုင်မှသာ အစမ်းခန့်ထားခြင်းသည် အတည်ဖြစ်သည်။

ပါမောက္ခဒေါက်တာကျော်မြင့်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။